# Fair Work Commission

ကျွန်ုပ်တို့သည် ဩစတြေးလျနိုင်ငံ၏ အလုပ်ခွင် ဆက်ဆံရေးများနှင့် သက်ဆိုင်သည့် ခုံရုံးဖြစ်သည်။ ကျွန်ုပ်တို့သည် အလုပ်သမားများနှင့် အလုပ်ရှင်များအား အလုပ်ခွင်ရှိ အငြင်းပွားမှုများကို ဖြေရှင်းပေးရန် ကူညီပေးသည်။ ၎င်းတို့မှာ-



မတရား အလုပ်ဖြုတ်ခြင်း



အနိုင်ကျင့်ခြင်း



လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်း



ခွဲခြားဆက်ဆံခြင်း



အလုပ်ခွင် အခွင့်အရေးများနှင့် ပတ်သက်၍ အငြင်းပွားမှုများ

ကျွန်ုပ်တို့ နောက်ထပ်လုပ်ပေးသည်မှာ-

- နိုင်ငံ၏ အနည်းဆုံး လုပ်ခ မည်မျှဖြစ်သည်ကို ဆုံးဖြတ်ပေးသည်
- အချို့အလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ရာ အနည်းဆုံး အခြေအနေများကို သတ်မှတ်ပေးသည်
- လုပ်ငန်းသဘောတူညီချက်များကို အတည်ပြုပေးသည်
- သမဂ္ဂများနှင့် အဖွဲ့အစည်းများကဲ့သို့ မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများကို စည်းကမ်း ကြီးကြပ်ပေးသည်။

ကျွန်ုပ်တို့၏အလုပ်မှာ အလုပ်သမားများနှင့် အလုပ်ရှင်များအတွက် ရိုးစင်း၊ မျှတပြီး ပြောင်းလွယ်ပြင်လွယ်ရှိသည့် အလုပ်ခွင် ဆက်ဆံရေးများကို ပံ့ပိုးပေးရန်ဖြစ်ပါသည်။

လုပ်ခ၊ ခွင့်နှင့် အခြား ရပိုင်ခွင့်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို Fair Work Ombudsman ဝက်ဘ်ဆိုက် www.fairwork.gov.au တွင် ကြည့်ရှုပါ

Fair Work Commission

## အလုပ်ခွင် အငြင်းပွားမှုများကို ဖြေရှင်းခြင်း

အလုပ်ခွင် အငြင်းပွားမှုကို ဖြေရှင်းပေးရန် သင် ကျွန်ုပ်တို့ထံ တောင်းဆိုသည့်အခါ သင်သည် တရားဝင်လုပ်ငန်းစဉ်ကို စတင်ပါသည်။

အငြင်းပွားမှုကို ရှင်းပြရန် သင် ပုံစံတစ်ခုကို ဖြည့်စွက်ပေးရန်လိုပါမည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ရှိ –Apply or Lodge– သို့ သွားပါ။ သင့်ပုံစံကို ပတ်သက်သည့်အခြား တစ်ဖက်သို့ ကျွန်ုပ်တို့ ပေးပါမည်။ ၎င်းတစ်ဖက်၏ ပုံစံကိုလည်း သင့်အား ပေးပါမည်။

ဆုံးဖြတ်ချက်တစ်ရပ်ကို သဘောတူချက်ရစေရန် သင့်အား ကျွန်ုပ်တို့ ကူညီပေးပါမည်။

အကယ်၍ ဤသို့ သဘောမတူလျှင် သင့်အတွက် အဖြေတစ်ရပ်ကို ဆုံးဖြတ်ပေးစေရန် သင် ကျွန်ုပ်တို့အား တောင်းဆိုနိုင်သည်။ ၎င်းမှာ တရားရုံးတွင် ကြားနာသကဲ့သို့ အလားတူဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်သည် တရားဥပဒေအရ ချည်နှောင်မှုရှိသည်။

## သင့်ဘာသာစကား အကူအညီ

ကျွန်ုပ်တို့ကို ဖုန်းခေါ်ရန် သင် Translating and Interpreting Service (TIS) ကို အသုံးပြုနိုင်သည်။

Interpreter

ဖုန်း **131 450**

သို့ ခေါ်ဆိုပါ။ ၎င်းမှာ အခမဲ့ ဝန်ဆောင်မှု ဖြစ်သည်။

ဖုန်းအော်ပရေတာကို ပြောရန်မှာ-

- သင့် ဘာသာစကား ” သူတို့အနေဖြင့် စကားပြန်နှင့် ဆက်သွယ်ပေးနိုင်ရန်ဖြစ်သည်
- ကျွန်ုပ်တို့၏ အမည် ” Fair Work Commission (ဖဲ(ယ်)ဝါ့က် ကော်မရှင်)
- ကျွန်ုပ်တို့၏ ဖုန်းနံပါတ် ” 1300 799 675

တွေ့ဆုံပွဲ သို့မဟုတ် ကြားနာမှုတွင် သင် ပါဝင်ရန် လိုအပ်ပါက စကားပြန်ကိုလည်း ကျွန်ုပ်တို့ စီစဉ်ပေးနိုင်ပါသည်။

## အခမဲ့ ဥပဒေ အကြံပေး

သင် မည်သို့လုပ်ရန်အတွက် ဆုံးဖြတ်ရန် အကူအညီလိုအပ်လျှင် ကျွန်ုပ်တို့တွင် အလုပ်သမားများနှင့် စီးပွားလုပ်ငန်းအသေးစားများအတွက် အခမဲ့ ဥပဒေဝန်ဆောင်မှု ရှိပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ရှိ –Workplace Advice Service– (–အလုပ်ခွင် အကြံပေး ဝန်ဆောင်မှု–) ကို ရှာပါ။

ဤဝန်ဆောင်မှုသည် အလုပ်ခွင်၌ မတရား အလုပ်ဖြုတ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ အနိုင်ကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်းတို့ကို ဖြေရှင်းပေးနိုင်သည်။